မူကြိုကျောင်း

Public education
**Discover a world of opportunities**

# စာရေးခြင်းနှင့် စာလုံးပေါင်းခြင်း အိမ်တွင် လေ့လာသင်ယူခြင်း

## စာရေးခြင်းနှင့် စာလုံးပေါင်းခြင်းတို့သည် အရေးကြီးပါသည်။

စကားပြောခြင်းနှင့်နားထောင်ခြင်းတို့သည် စာရေးခြင်း၊ စာလုံးပေါင်းခြင်းနှင့် စာဖတ်ခြင်းတို့ကို တည်ဆောက်ရန် အခြေခံအုတ်မြစ်များ ဖြစ်ကြသည်။ သင့်ကလေးသည် ဤသည်တို့နှင့်အခြားကျွမ်းကျင်မှုများကို

သူတို့မူကြိုကျောင်း တက်သည့်အခါ ဖွံ့ဖြိုးကြပါသည်။ သူတို့ မိမိတို့၏ စကားပြောဆိုမှုနှင့် နားထောင်မှုတို့ကို စိတ်ချလက်ချ ဖြစ်လာသည့်အလျောက် သူတို့သည် စာရေးခြင်းကို စတင်၍ လေ့လာကြသည်။

ကျွန်ုပ် ဘာလုပ်နိုင်သနည်း။

- သင့်ကလေးနှင့်အတူတကွ ပုံမှန် စာဖတ်ပါ။ စကားလုံးများနှင့် စာအုပ်များကို အတူတကွ စူးစမ်းကြပါ၊ သင် စာရေးနေသည့်အခါ သူတို့ကို ပါဝင်စေပါ။
- သင် အတူတကွ ဖတ်ရှုသည့်အခါ သင် ဖတ်လိုက်သည့် စာလုံးများအကြောင်းကို ပြောပြပါ။ ဥပမာ၊ အောက်ပါကဲ့သို့ ကာရံတူသံစုံ စကားလုံးများဖြစ်သည်- bat နှင့် cat ၄င်းပြင် စကားလုံးများ၏ အစပိုင်း အသံထွက်ပုံအကြောင်းကို ပြောပြပါ။
- သင့်ကလေးအား မှတ်စုများ၊ အီးမေးလ်များနှင့် ဈေးဝယ်စာရင်းများကို သင့်အားကူညီပြီးရေးပေးရန် တိုက်တွန်းပါ။ စာရေးစက္ကူနှင့်ခဲတံများကို ချထားပေးပါ ထိုအခါ သူတို့သည် သင်နှင့်အတူ စာရေးရန် ကြိုးစားနိုင်သည်။
- တိရစ္ဆာန်၏အမည်ကို ရုပ်ပုံနှင့်ကိုက်ညီပေးခြင်း ကဲ့သို့ စကားလုံး ကစားစရာများကို ကစားပါ။
- သင့်ကလေး ဖန်တီးထားသည့် အက္ခရာစာလုံးများနှင့် ပုံဆွဲရုပ်ပုံများကို ချိတ်ဆွဲပြသထားပါ။ အောက်ပါကဲ့သို့ မှတ်စုများကို ရေးသားထားပါ- ကျွန်ုပ် သင့်ကို အလွန်ဂုဏ်ယူပါသည်။

> အကယ်၍ သင့်ကလေးသည် အခြားဘာသာစကား သို့မဟုတ် အရပ်ပြောစကား တစ်ခုကိုပြောလျှင် သူတို့သည် အင်္ဂလိပ်ဘာသာစကား၏ အသံများကို ကြားရန် အချိန်လိုသည်။ ဤအသံအားလုံးကို ကြားရန် ပြောရန် သူတို့အတွက် နှစ်နှစ်အထိ သို့မဟုတ် ပိုမို၍ ကြာကောင်းကြာနိုင်ပါသည်။

> ရုပ်မြင်သံကြားကို ပိတ်ပါ။
> စိတ်ကူးပြောင်းလွယ်သည့်အရာများ မရှိသည့်အခါ
> သင့်ကလေးအတွက် စဉ်းစားရန် ပို၍လွယ်ကူပါသည်။

- သင့်ကလေးအား သူတို့အမည်ကို မှတ်မိရန် ကူညီပါ။ သူတို့အား သူတို့၏အမည်ရှိ ပထမအသံကို နားထောင်ခိုင်းပြီး စတင်ပါ။
- သူတို့အမည်၏ ပထမ အက္ခရာစာလုံး အကြောင်းကို ပြောပြပါ။ သူတို့အား ၄င်းအက္ခရာစာလုံးကို အခြားနေရာများတွင် လိုက်ရှာရန် တိုက်တွန်းပါ။ သူတို့အမည်ရှိ အက္ခရာစာလုံးများကို ရေးရန် သူတို့အား ကူညီပါ။
- သင် ညစာကို ပြင်ဆင်သည့်အခါ အောက်ပါကဲ့သို့ မေးခွန်းများကို မေးပါ- သင် မီးဖိုချောင်ထဲတွင် သင့်အမည် အသံထွက်နှင့်အတူတူဖြစ်သည့် အသံစထွက်သော အရာတစ်ခုခုကို ရှာနိုင်သလား။
- သင့်ကလေး သိသော အက္ခရာစာလုံးများနှင့် စကားလုံးများတို့ကို အတူတူ ရှာဖွေရန် အချိန်ယူပါ။ သင် ဤကိစ္စကို အိမ်တွင်၊ ကားထဲတွင်၊ ဆိုင်များတွင် ၄င်းပြင် ကစားကွင်းတွင် လုပ်နိုင်ပါသည်။
- စာသင်ယူခြင်းကို ပျော်ရွှင်စာရာဖြစ်အောင် လုပ်ပါ။

> မသန်စွမ်းမှု ရှိသည့်ကလေးတစ်ဦးသည် သမရိုးကျအားဖြင့် နီးနီးကပ်ကပ် လုပ်ပေးသည့် အပြန်အလှန်ဆက်ဆံမှုနှင့်နှိုးဆွပေးမှု တို့မှအကျိုးကျေးဇူးများကိုရပြီး နှစ်သက်စွာခံယူကြပါသည်၊ သူတို့အား သူတို့ကြိုက်နှစ်သက်သည့် ပုံများအကြောင်းကို ဖတ်ပြသည့်အခါ သို့မဟုတ် သံစုံတေးများကို ဆိုပြသောအခါ ဖြစ်သည်။ အကယ်၍ သင့်ကလေးတွင် မသန်စွမ်းမှုတစ်ခုရှိလျှင် သူတို့၏ကျောင်းသည် သူတို့အား သူတို့၏အရည်အချင်းနှင့်လိုက်ဖက် သည့်အဆင့်ရှိ လှုပ်ရှားဆောင်ရွက်မှုများကို သူတို့လုပ်နေချိန်၌ ထောက်ကူပေးကြပါသည်။ သင်နှင့်သင့်ကလေးအား ထောက်ကူပေးမည့် သင့်တော်သော အထောက်အကူပစ္စည်း၊ ကိရိယာနှင့် အကြံဉာဏ်များ အကြောင်းကို သင့် ကလေး၏ ဆရာဆရာမနှင့် ပြောဆိုပါ။

Department of
**Education**

သင် ပိုမို၍ တွေ့လိမ့်မည်
အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ
**education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY